၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်မှ (၇)ရက်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု ကြုံတွေ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ



စဉ်	ပြည်နယ်နှင့် တိုင်းဒေသကြီး	ကျူးလွန်သည့် အကြိမ်ရေ	မှတ်ချက်
၁	စစ်ကိုင်း	၁၃	
၂	မကွေး	၂	
၃	မွန်	၁	
၄	ရှမ်း	၃	
၅	တနင်္သာရီ	၂	
၆	မန္တလေး	၃	
၇	ဧရာဝတီ	၁	
၈	ပဲခူး	၆	
၉	ကချင်	၂	
၁၀	ကရင်	၁	
၁၁	ရန်ကုန်	၂	
	စုစုပေါင်း	၃၆	

စက်တင်ဘာလ (၁)ရက်မှ (၇)ရက်အတွင်းတွင် စစ်အာဏာရှင်တပ်သားများက စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ဒေသခံပြည်သူ(၇၀)ကျော်ကို လူသားဒိုင်းအဖြစ် ဖမ်းဆီးခဲ့သည်။ စက်တင်ဘာလ(၃)ရက် နေ့တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်မှ စစ်ကိုင်းတိုင်းမှတ်ပုံတင် ကိုင်ဆောင်သူ အဆောင်နေ အမျိုးသမီး(၁၁)ဦးကို ရိုက်နှက်ဖမ်းဆီးခဲ့သည်။ စစ်အာဏာရှင်တပ်သားများ၏ စစ်ကြောရေးတွင် ဖမ်းဆီးနှိပ်စက် ရိုက်နှက်ခဲ့မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးမှ အမျိုးသမီး (၁)ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ အမျိုးသား (၁)ဦးတို့ သေဆုံးခဲ့သည်။ စစ်အာဏာရှင်လက်အောက်ခံ အကျဉ်းဦးစီးဌာနက ပဲခူးတိုင်းဒေသကြီး သာယာဝတီထောင်နှင့် ဒိုက်ဦးထောင်တို့တွင် ထောင်ဝင်စာပစ္စည်းပေးပို့မှုများကို ကန့်သတ်ခဲ့သည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share
made with infogram

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်မှ (၇)ရက်အတွင်း စစ်အာဏာရှင်တပ်များမှ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ



စဉ်	လူ့အခွင့်အရေး ချိုးဖောက်ခဲ့သည့် နည်းလမ်းများ	အကြိမ်ရေ	မှတ်ချက်
၁	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်သတ်ခြင်း	၈	
၂	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ဒဏ်ရာရခြင်း	၆	
၃	လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း	၁၀	
၄	ဖမ်းဆီးခေါ်ဆောင်သွားခံရပြီးနောက် သေဆုံးခြင်း	၂	
၅	ဗုံးကြဲတိုက်ခိုက်ခြင်း	၂	
၆	ဖမ်းဆီးခံရခြင်း	၄	
၇	လူသားဒိုင်း ပြုလုပ်ခြင်း/ဓားစာခံအဖြစ် ဖမ်းဆီးခြင်း	၂	
၈	အသက်မပြည့်သော ကလေးများ ထိခိုက်ခြင်း	၂	
၉	ဖမ်းဆီး ညှင်းပန်းနှိပ်စက်ခံရခြင်း	၁	
၁၀	ပြည်သူပိုင်အဆောက်အဦး/ပစ္စည်းများမီးရှို့ပျက်/ဖျက်ဆီးခြင်း	၅	
၁၁	ပြည်သူပိုင် အဆောက်အဦး/ပစ္စည်းများ ပျက်/ဖျက်ဆီးခြင်း	၃	
၁၂	လေကြောင်းအသုံးပြုခြင်း	၁	
၁၃	ငွေကြေးတောင်းခံခြင်း	၂	
၁၄	နေရပ်ဒေသ စွန့်ခွာရခြင်း	၈	
၁၅	အသက်မပြည့်သော ကလေးများ သေဆုံးခြင်း	၂	
၁၆	အာဏာပြ ခြိမ်းခြောက်ခြင်း/ အမိန့်ထုတ်ပြန်ကြော်ငြာခြင်း	၅	

ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတွင် စစ်အာဏာရှင်လက်အောက်ခံ လျှပ်စစ်ဌာနမှ မီတာမဆောင်လျှင် မီတာပုံးဖြုတ်မည်ဟု သတိပေးစာများဖြန့်ဝေခဲ့သည်။ စစ်အာဏာရှင်တပ်သားများ၏ လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ်မှုတို့ကြောင့် တပတ်တွင်း ပြည်သူ (၁၄)ဦး သေဆုံးခဲ့ပြီး (၁၃)ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ သည်။ စစ်အာဏာရှင်တပ်သားများက ပြည်သူများနေထိုင်ရာ နေရာများကို စစ်ကြောင်းထိုးဝင်ရောက် ပစ်ခတ်၊ မီးရှို့မှုများ ပြုလုပ်နေသောကြောင့် တပတ်အတွင်း နေရပ်စွန့်ခွာမှုများ (၈)ကြိမ်ကျော် ပြုလုပ်ခဲ့ကြသည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with infogram